ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် ( ၂၃ ) ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၅ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ သိကောင်းစရာ။ | ၂-၃ |
| ၂။ | လွှတ်တော်ရွေးကောက်ပွဲဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းခြင်း။ | ၄-၅ |
| ၃။ | ကုမ္ပဏီ၊ အဖွဲ့အစည်းများအနေဖြင့် မှတ်ပုံတင်အရာရှိက ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်နှင့် အသိပေးကြေညာချက်များကို အလေးထားလိုက်နာရန်ကိစ္စနှင့်စပ်လျဉ်းသည့် သတင်းစဉ်။ | ၆-၈ |
| ၄။ | ကမ္ဘောဒီးယားအမျိုးသားလွှတ်တော်က နိုင်ငံသားအဖြစ်ရုပ်သိမ်းခွင့်ပြုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်ကို အတည်ပြုခြင်း။ | ၉-၁၁ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် ( ၂၃ ) ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၅ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင်ဖော်ပြလျက်ရှိသော ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ သိကောင်းစရာ

ယခုသီတင်းပတ်အတွင်း ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)၌ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာအမျိုးသားကော်မတီ နာယကအဖွဲ့ ဖွဲ့စည်းခြင်း၊ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်း၊ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဖွဲ့စည်းခြင်း၊ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့ ဖွဲ့စည်းခြင်း၊ အမျိုးသားစံချိန်စံညွှန်းကောင်စီ ဖွဲ့စည်းခြင်း၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း၊ စက်မှုလုပ်ငန်းနှင့်စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း၊ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဖွဲ့စည်းခြင်း၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း၊ နိုင်ငံခြားပညာတော်သင်စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီဖွဲ့စည်းခြင်း (အင်္ဂလိပ်ဘာသာဖြင့်ပြဋ္ဌာန်းထားသောဥပဒေများ၏မြန်မာဘာသာပြန်ဆိုချက်ကိုထုတ်ပြန်ကြောင်းကြေညာခြင်း)စသည့်အမိန့်ကြော်ငြာစာတို့ကို အများပြည်သူများလွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံးသည် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၂၅ ဖြင့် ထုတ်ပြန်ဖွဲ့စည်းခဲ့သည့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ဥပဒေဗဟုသုတအဖြစ် ဖော်ပြအပ်ပါသည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ လယ်ယာမြေနှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို လက်တွေ့လိုက်နာကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လယ်ယာမြေဥပဒေပုဒ်မ၁၅၊ပုဒ်မခွဲ(ခ)အရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ဥက္ကဋ္ဌမှာ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးဖြစ်ပြီး စုစုပေါင်းအဖွဲ့ဝင် ၂၁ ဦးဖြင့် ဖွဲ့စည်းထားပါသည်။

# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

**အတွဲ(၃) အမှတ် ( ၂၃ )** **၂၀၂၅ ခုနှစ် စက်တင်ဘာလ ၅ ရက်**


ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏လုပ်ငန်းတာဝန်များမှာ နိုင်ငံတော်အစိုးရက ချမှတ်ပေးသော မြေယာမူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ တောင်သူလယ်သမားများ၏လူနေမှုဘဝ တိုးတက်မြင့်မားစေရေးအတွက် အထောက်အကူဖြစ်စေရန် ချမှတ်ပေးသောမူဝါဒများနှင့်အညီ ဆောင်ရွက်နေသောအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ လက်မှုလယ်ယာစနစ်မှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ ပြောင်းလဲနိုင်ရေးချမှတ်ပေးသောမူဝါဒများနှင့်အညီ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှုဖြေရှင်းခြင်းနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်လွှဲပြောင်းခြင်းများအတွက် ဥပဒေနှင့်အညီ စိစစ် ဆောင်ရွက်၍ ခွင့်ပြုမိန့်လက်မှတ်ထုတ်ပေးခြင်း၊ လုပ်ပိုင်ခွင့်ရရှိမှုကို မှတ်ပုံတင်ခြင်း၊ လွှဲပြောင်းမှု များကို မှတ်တမ်းတင်ခြင်းတို့နှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊ လယ်ယာမြေ လုပ်ပိုင်ခွင့်အတွက် ပြဋ္ဌာန်းသတ်မှတ်ထားသည့်စည်းကမ်းချက်များကို လိုက်နာစေရန် ကြီးကြပ် ကွပ်ကဲခြင်း၊ စည်းကမ်းဖောက်ဖျက်မှုများကို အရေးယူဆောင်ရွက်ခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်း၊ နိုင်ငံတော်အကျိုးငှာဖြစ်စေ၊ အများပြည်သူအကျိုးငှာဖြစ်စေ ပြန်လည်သိမ်းယူ သည့်လယ်ယာမြေများအတွက် ထိုက်သင့်သည့်နစ်နာကြေးနှင့်လျော်ကြေးကို ဒေသန္တရအခြေအနေ၊ ကာလပေါက်ဈေးတို့နှင့်အညီ သတ်မှတ်ပေးနိုင်ရေး ကြီးကြပ်ဆောင်ရွက်ခြင်းတို့အပါအဝင် စုစုပေါင်း လုပ်ငန်းတာဝန်များ(၂၀)ချက်ကို ထုတ်ပြန်သတ်မှတ်ထားသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ လယ်ယာမြေဥပဒေ၊နည်းဥပဒေများနှင့်ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာတို့နှင့်ပတ်သက်၍ အသေးစိတ် လေ့လာသိရှိလိုသူများအနေဖြင့် MLIS Website တွင် အကျယ်တဝင့် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## လွှတ်တော်ရွေးကောက်ပွဲဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းခြင်း

ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည်ဖြစ်ရာ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၉.၇.၂၀၂၅ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကိုဆဋ္ဌမအကြိမ်ပြင်ဆင်သည့်ဥပဒေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ဥပဒေအမှတ် ၄၅/၂၀၂၅ ဖြင့်လည်းကောင်း၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကိုဆဋ္ဌမအကြိမ်ပြင်ဆင်သည့်ဥပဒေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ဥပဒေအမှတ်၄၆/၂၀၂၅ ဖြင့် လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကိုဆဋ္ဌမအကြိမ်ပြင်ဆင်သည့်ဥပဒေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ဥပဒေအမှတ် ၄၇/၂၀၂၅ ဖြင့်လည်းကောင်း ပြဋ္ဌာန်းခဲ့ပါသည်။

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကိုဆဋ္ဌမအကြိမ်ပြင်ဆင်သည့်ဥပဒေတွင် ကိုယ်စားလှယ်ရွေးကောက်တင်မြှောက်ခြင်းနှင့်ပတ်သက်၍ ပြင်ဆင်ပြောင်းလဲထားခြင်းမရှိသည်ကို သိရှိရပါသည်။

အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဆဋ္ဌမအကြိမ်ပြင်ဆင်သည့်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ)တွင်“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုလျှင် ကျန်လွှတ်တော်ကိုယ်စားလှယ် ၆ ဦးကို အချိုးကျကိုယ်စားပြုစနစ်ဖြင့်ရွေးကောက်တင်မြှောက်နိုင်ရန် မဲဆန္ဒနယ်များကို သတ်မှတ်ပေးရမည်” ဟုပြင်ဆင်ပြဋ္ဌာန်းထားပါသည်။ အဆိုပါပြင်ဆင်ပြဋ္ဌာန်းချက်အရ တိုင်းဒေသကြီးနှင့်ပြည်နယ်တစ်ခုလျှင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးစီရှိသည့်အနက် ကိုယ်စားလှယ် ၆ ဦးကို မဲအများဆုံးရသူအနိုင်ယူစနစ်ဖြင့် ရွေးကောက်တင်မြှောက်ရမည်ဖြစ်ပြီး ကျန်ကိုယ်စားလှယ် ၆ ဦးကို အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်တင်မြှောက်ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဆဋ္ဌမအကြိမ်ပြင်ဆင်သည့်ဥပဒေပုဒ်မ ၄ အရ လွှတ်တော်မဲဆန္ဒနယ်များကိုသတ်မှတ်ရာတွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကျစီကို မဲအများဆုံးရသူအနိုင်ယူစနစ်ဖြင့် ရွေးကောက်တင်မြှောက်နိုင်ရန်အတွက် မြို့နယ်တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ်သတ်မှတ်ပေးရန် နှင့် ကျန်လွှတ်တော်ကိုယ်စားလှယ်

တစ်ဦးအတွက် မြို့နယ်တစ်မြို့နယ်လျှင်တစ်ဦးကျ အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်တင်မြှောက်နိုင်ရန် မြို့နယ်များကိုစုစည်း၍ မဲဆန္ဒနယ်များသတ်မှတ်ပေးရမည်ဟု တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဆဋ္ဌမအကြိမ်ပြင်ဆင်သည့်ဥပဒေ ပုဒ်မ ၃ တွင် ဖော်ပြထားပါသည်။ အဆိုပါပြင်ဆင်ပြဋ္ဌာန်းချက်အရ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဝက်ကို မဲအများဆုံးရသူအနိုင်ယူစနစ်ဖြင့်လည်းကောင်း၊ ကျန်တစ်ဝက်ကို အချိုးကျစနစ်ဖြင့်လည်းကောင်း ရွေးချယ်တင်မြှောက်ရမည်ဖြစ်ပါသည်။

ထိုသို့ပြင်ဆင်သည့်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (တ) တွင် အီလက်ထရောနစ်မဲပေးစက်အဓိပ္ပာယ်ကို ထပ်မံဖြည့်စွက်ထားကြောင်း သိရှိရပါသည်။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကိုဆဋ္ဌမအကြိမ်ပြင်ဆင်သည့်ဥပဒေ နှင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကိုဆဋ္ဌမအကြိမ်ပြင်ဆင်သည့်ဥပဒေ ပုဒ်မ ၄၁ (ခ) တို့တွင် မဲဆန္ဒနယ်တစ်နယ်တွင် ရွေးကောက်တင်မြှောက်ခံမည့်လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး ထက်ပို၍ရှိခဲ့လျှင် မဲပုံးနှင့်ဆန္ဒမဲလက်မှတ်များ သို့မဟုတ် အီလက်ထရောနစ်မဲပေးစက်များကို နည်းဥပဒေများနှင့် သတ်မှတ်ထားသည့်အတိုင်းပြုလုပ်စီစဉ်၍ ဆန္ဒမဲပေးစေရမည်ဖြစ်ကြောင်း သိရှိရပါသည်။

ထို့ပြင် လာမည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင်ကျင့်သုံးမည့်ရွေးကောက်ပွဲစနစ်မှာ ယခင်ကျင့်သုံးခဲ့သည့် FPTP စနစ်အပြင် FPTP နှင့် PR စနစ်ကို ပေါင်းစပ်ထားသည့်ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (Mixed Member Proportional – MMP )ကိုပါ အသုံးပြုသွားမည်ဖြစ်ပါသည်။ အများပြည်သူတို့ဆန္ဒမဲပေးရာ၌ ယခင်မဲပေးသည့်စနစ်အပြင် အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရလဒ်များရေတွက်ခြင်းနှင့်သိမ်းဆည်းခြင်းတို့ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းကို ပြင်ဆင်သည့်ဥပဒေအရ သိရှိရပါသည်။

ဥပဒေဘာသာပြန်ဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် ( ၂၃ )    ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၅ ရက်

**ကုမ္ပဏီ၊ အဖွဲ့အစည်းများအနေဖြင့် မှတ်ပုံတင်အရာရှိက ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်နှင့် အသိပေးကြေညာချက်များကို အလေးထားလိုက်နာရန်ကိစ္စနှင့်စပ်လျဉ်းသည့် သတင်းစဉ်**

ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၁၊ ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ် (၃၁) အရ အပ်နှင်းထားသည့်အခွင့်အာဏာများကိုကျင့်သုံး၍ ပုဒ်မ ၄၆၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) အရ ကုမ္ပဏီ၊ အဖွဲ့အစည်းများအနေဖြင့် မှတ်ပုံတင်အရာရှိက ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်နှင့်အသိပေးကြေညာချက်များကို အလေးထားလိုက်နာရန်ကိစ္စအား ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ညွှန်ကြားချက်အမှတ် ၁၀၆/၂၀၂၅ ဖြင့် ထုတ်ပြန်ခဲ့သည်ကို သိရှိရပါသည်။

အဆိုပါညွှန်ကြားချက်တွင် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ကုမ္ပဏီမှတ်ပုံတင်စနစ်တွင် မှတ်ပုံတင်ထားသောကုမ္ပဏီ၊ အဖွဲ့အစည်းများသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၊ စည်းမျဉ်းနှင့် မှတ်ပုံတင်အရာရှိမှထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များနှင့်လုပ်ထုံးလုပ်နည်းများကို အလေးထား လိုက်နာရန်တာဝန်ရှိကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၉၇ အရ ဖွဲ့စည်းတည်ထောင်ပြီး နှစ်လအတွင်းတင်ပြရမည့်နှစ်စဉ်အစီရင်ခံစာတင်ပြချိန်၌ ကုမ္ပဏီအမည်ဖြင့်ဖွင့်လှစ်ထားသော ဘဏ် စာရင်းအထောက်အထား၊ ကုမ္ပဏီ၏မှတ်ပုံတင်ရုံးခန်းလိပ်စာသည် မြေပြင်တွင် အမှန်တကယ် တည်ရှိကြောင်း ရဲစခန်းမှထောက်ခံချက်၊ ဒါရိုက်တာများသည် တင်ပြမှတ်ပုံတင်ထားသောလိပ်စာတွင် အမှန်တကယ်နေထိုင်ကြောင်း ရဲစခန်းမှထောက်ခံချက်၊ နိုင်ငံခြားသားဖြစ်ပါက ၁၉၄၈ ခုနှစ်၊ နိုင်ငံခြားသားများမှတ်ပုံတင်ရေးနည်းဥပဒေများနှင့်အညီဆောင်ရွက်ထားသော အထောက်အထား များနှင့် ကုမ္ပဏီတွင်ပါဝင်သူများသည် လူပုဂ္ဂိုလ်ဖြစ်ပါက တင်ပြမှတ်ပုံတင်ထားသောလိပ်စာတွင် အမှန်တကယ်နေထိုင်ကြောင်း ရဲစခန်းမှထောက်ခံချက်၊ ဥပဒေရေးရာပုဂ္ဂိုလ် သို့မဟုတ် တရားဝင်

အဖွဲ့အစည်း(Legal Person) ဖြစ်ပါက သက်ဆိုင်ရာအထောက်အထားများကို မှတ်ပုံတင်အရာရှိထံ e-mail ဖြင့် ပေးပို့ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

ကုမ္ပဏီတွင်ပါဝင်သူများသည် အစုရှယ်ယာလွှဲပြောင်းသည့်အခါ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပုဒ်မ ၈၃ အရ အစုရှယ်ယာလွှဲပြောင်းခြင်းအပေါ် ကုမ္ပဏီဒါရိုက်တာအဖွဲ့၏အတည်ပြု ဆုံးဖြတ်ချက်၊ လွှဲပြောင်းသူနှင့် လွှဲပြောင်းလက်ခံသူတို့က လက်မှတ်ရေးထိုးထားပြီး ကျသင့်သည့် တံဆိပ်ခေါင်းခွန်ထမ်းဆောင်ထားသောအထောက်အထားပါရှိသည့် သဘောတူစာချုပ်မိတ္တူများကို ကြေငြာထားသည့် e-mail လိပ်စာများသို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

ကုမ္ပဏီဒါရိုက်တာပြောင်းလဲသည့်အခါ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၁၇၃ အရ ကျင်းပ ပြုလုပ်သည့်အစုရှယ်ယာရှင်များ၏အစည်းအဝေးဆုံးဖြတ်ချက်နှင့် ဒါရိုက်တာခန့်အပ်ခြင်း သို့မဟုတ် နုတ်ထွက်ခြင်းတို့အတွက် ကာယကံရှင်ကိုယ်တိုင်လက်မှတ်ရေးထိုးထားသည့်အထောက်အထား၊ ရာထူးမှရပ်နားခြင်းဖြစ်ပါက ယင်းဥပဒေပုဒ်မ ၁၇၈ အရ အကျိုးအကြောင်းဖော်ပြချက်များကို နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် နိုင်ငံကူးလက်မှတ်မိတ္တူတို့နှင့်အတူ ပူးတွဲတင်ပြရမည်ဖြစ်ကြောင်း သိရှိရပါသည်။

မှတ်ပုံတင်အရာရှိအနေဖြင့် အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများ၏ဥပဒေလိုက်နာမှု အခြေအနေကို ပိုမိုအလေးထားစိစစ်သွားမည်ဖြစ်ရာ လုပ်ငန်းဆောင်ရွက်မှုအတွက် အမှန်တကယ် လိုအပ်ပြီး အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများသီးခြားလိုက်နာကြရမည့်ပြဋ္ဌာန်းချက်များကို တိကျစွာ လိုက်နာနိုင်မှသာလျှင် အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်သင့်ကြောင်း၊ မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီအဖွဲ့အစည်းများကို စီးပွားရေးလုပ်ငန်းလုပ်ဆောင်နိုင်ရန် မှတ်ပုံတင် ပေးခြင်းသာဖြစ်ပြီး ယင်းကုမ္ပဏီအဖွဲ့အစည်းများအနေဖြင့် မိမိတို့လုပ်ငန်းအလိုက် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ဦးစီးဌာနများမှချမှတ်ထားသော ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များကို အပြည့်အဝ လိုက်နာကြရန်နှင့် ပျက်ကွက်မှုတစ်စုံတစ်ရာကြောင့် သက်ဆိုင်ရာဌာနများ၏

အရေးယူခြင်းခံရပါက အဆိုပါမှတ်ပုံတင်အရာရှိကလည်း လိုအပ်သောအရေးယူဆောင်ရွက်မှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ကုမ္ပဏီများ၊ ကုမ္ပဏီအရာရှိများအနေဖြင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအပါအဝင် တည်ဆဲဥပဒေများကို လိုက်နာရန် ပျက်ကွက်ခြင်း၊ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ခြင်းမျိုးရှိပါက အခြားသောကုမ္ပဏီတစ်ခုခုတွင်ပါဝင်မှုကိုကန့်သတ်ခြင်းအပါအဝင် လိုအပ်သည့်အရေးယူဆောင်ရွက်မှုများကိုလုပ်ဆောင်သွားမည့်အပြင် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းစဉ်များနှင့် ဆက်စပ်သောစိစစ်မှုများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကုမ္ပဏီအသစ်ဖွဲ့စည်းရန်တင်ပြလာသည့်အခါ ဒါရိုက်တာအဖြစ်ဆောင်ရွက်မည့်ပုဂ္ဂိုလ်များသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအပါအဝင် အခြားတည်ဆဲဥပဒေများပါပြဋ္ဌာန်းချက်များကိုလိုက်နာရန် ပျက်ကွက်ထားခြင်း ရှိ မရှိ စိစစ်ပြီး အတည်ပြုလက်ခံပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

ကုမ္ပဏီအသစ်ဖွဲ့စည်းမှတ်ပုံတင်ခြင်းနှင့် ကုမ္ပဏီများမှ မှတ်ပုံတင်စနစ်တွင်မှတ်ပုံတင်ရန် တင်ပြသောတင်ပြချက်များအတွက် မှတ်ပုံတင်အရာရှိက လိုအပ်သည့်အထောက်အထားများတောင်းခံခြင်းအပေါ်တွင် အလေးထားလိုက်နာဆောင်ရွက်ကြစေလိုခြင်းကြောင့် အဆိုပါညွှန်ကြားချက်ကို ထုတ်ပြန်ထားကြောင်း သိရှိရပါသည်။

နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊
ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ် : Directorate of Investment And Company Administration (DICA)

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် ( ၂၃ )　　　　　　　　၂၀၂၅ ခုနှစ် စက်တင်ဘာလ ၅ ရက်

## ကမ္ဘောဒီးယားအမျိုးသားလွှတ်တော်က နိုင်ငံသားအဖြစ်ရုပ်သိမ်းခွင့်ပြုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်ကို အတည်ပြုခြင်း

၁၁-၈-၂၀၂၅ ရက်နေ့တွင် ကမ္ဘောဒီးယားအမျိုးသားလွှတ်တော်သည် ကမ္ဘောဒီးယားနိုင်ငံအား သစ္စာဖောက်မှုများပြုလုပ်သည်ဟုစွပ်စွဲခံရသူများ၏ မွေးရာပါနိုင်ငံသားအခွင့်အရေးများကို ရုပ်သိမ်းခွင့်ပြုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်ကို အတည်ပြုခဲ့သည်။

ကမ္ဘောဒီယားနိုင်ငံက ထိုင်းနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)တွင်တင်သွင်းသည့် နယ်စပ်ပြဿနာနှင့်ပတ်သက်၍ ပြည်ပရောက်ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏စုံစမ်းမေးမြန်းမှုများ ပြုလုပ်ခဲ့ပြီးနောက် ယခင်ဝန်ကြီးချုပ်အထက်လွှတ်တော်ဥက္ကဋ္ဌဟွန်ဆန်က တရားရေးဝန်ကြီးဌာနအား အဆိုတင်သွင်းရန်တောင်းဆိုခဲ့ပြီး တစ်လအကြာ၌ ယင်းပြင်ဆင်ချက်ထွက်ပေါ်လာခြင်းဖြစ်ပါသည်။

မူလက “ခမာနိုင်ငံသားများအား ၎င်းတို့၏နိုင်ငံသားအဖြစ်မှရုပ်သိမ်းခြင်းမပြုနိုင်”ဟု အာမခံချက်ပေးထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃ ကို ပြင်ဆင်ခြင်းဖြင့် “သစ္စာဖောက်မှုများ သို့မဟုတ် အမျိုးသားအကျိုးစီးပွားအား ပြင်းထန်စွာထိခိုက်စေသည့်လုပ်ရပ်များအထူးသဖြင့် နိုင်ငံခြားတိုင်းပြည်များနှင့်ပေါင်းဖက်ခြင်း”ဟု သတ်မှတ်ခံရသည့်လုပ်ရပ်များအတွက် နိုင်ငံသားအဖြစ်မှရုပ်သိမ်းခွင့်ပြုခြင်းဖြစ်ပြီး ဤပြင်ဆင်ချက်ကို လွှတ်တော်အမတ် ၁၂၅ ဦးစလုံးက ထောက်ခံအတည်ပြုခဲ့ခြင်းဖြစ်ပါသည်။

တရားရေးဝန်ကြီးဌာန၊ ဝန်ကြီးဖြစ်သူ H.E. Keut Rith က သောကြာနေ့တွင် ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ဤပြင်ဆင်ချက်သည် “အမျိုးသားလုံခြုံရေးအား ပြင်းထန်စွာ ခြိမ်းခြောက်နေသည့်လုပ်ရပ်များ” ပြုလုပ်သူများကိုသာ ပစ်မှတ်ထားကြောင်း ပြောကြားခဲ့သည်။

ဤပြင်ဆင်ချက်သည် ပြည်သူ့အာရုံစိုက်မှုကိုများစွာဆွဲဆောင်ခဲ့ပြီး မီဒီယာများတွင် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခံရသော အကြောင်းအရာတစ်ခုဖြစ်လာကာ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးဆိုင်ရာ နောက်ဆက်တွဲသက်ရောက်မှုများနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများစွာရှိကြောင်း ပြောဆိုခဲ့ကြသည်။

ယခင်ပါမောက္ခနှင့်ရှေ့နေ Kang Rithkiry က ဤပြင်ဆင်ချက်နှင့်ပတ်သက်၍ စိတ်မကောင်းဖြစ်ရကြောင်းဖော်ပြခဲ့ပြီး အထူးသဖြင့် မွေးရာပါရထားသည့်နိုင်ငံသားအဖြစ်ကို ရုပ်သိမ်းခြင်းသည် "အလွန်စိုးရိမ်ဖွယ်ကောင်းသည်" ဟု ပြောကြားခဲ့သည်။

မွေးရာပါနိုင်ငံသားအဖြစ်ရုပ်သိမ်းခံရခြင်းသည် အဆိုးဆုံးဖြစ်ကြောင်း မည်သည့်ဥပဒေဖြင့် ရုပ်သိမ်းတာလဲ၊ မည်သူဆုံးဖြတ်တာလဲဆိုတာ အရေးမကြီးကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်က အကာအကွယ်သည်အကောင်းဆုံးဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုခဲ့သည်။ ၎င်းက ဤပြင်ဆင်ချက်ကို အလွန်စိုးရိမ်ဖွယ်ကောင်းသည်ဟုမြင်ပြီး အထူးသဖြင့် ကမ္ဘောဒီးယားနိုင်ငံ ကမ္ဘာလုံးဆိုင်ရာနိုင်ငံမဲ့ပြဿနာကို ဆက်လက်ဖြေရှင်းနေချိန်တွင် ထိုသို့သောလုပ်ရပ်မျိုးမဖြစ်သင့်ဟု ပြောဆိုခဲ့သည်။

လူ့အခွင့်အရေးဆိုင်ရာကြေညာစာတမ်းက အထူးသဖြင့် မွေးရာပါရထားသည့်နိုင်ငံသားအဖြစ်ကို ရုပ်သိမ်းခြင်းကိုတားမြစ်ထားသော်လည်း နိုင်ငံမဲ့ပုဂ္ဂိုလ်များအားကာကွယ်ရန်ရည်ရွယ်သည့် သီးသန့်စာချုပ်များပြုလုပ်ခဲ့ရသည်အထိ ဖြစ်သွားစေကြောင်း ၎င်းက ထောက်ပြခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံက ၂၀၂၄ ခုနှစ်တွင် ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံမဲ့ပုဂ္ဂိုလ် ၄၇,၀၀၀ ကျော်သည် နိုင်ငံသားအဖြစ်ရရှိခဲ့ကြောင်းနှင့် မကြာသေးမီနှစ်များအတွင်း အမြင့်ဆုံးအရေအတွက်ဖြစ်ကြောင်း မီးမောင်းထိုးပြခဲ့သည်။ သို့ရာတွင် တရားဝင်အသိအမှတ်ပြုခံရခြင်းမရှိသေးသည့် လူ ၄.၄ သန်းဆက်လက်ရှိနေပြီး အလုပ်အကိုင်၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြားအခြေခံအခွင့်အရေးများအတွက် ကြီးမားသောအဟန့်အတားများ ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်ကြောင်း ဖော်ပြခဲ့သည်။

လူမှုဖွံ့ဖြိုးရေးသုတေသီ Meas Ny က နိုင်ငံသားအဖြစ်ရုပ်သိမ်းရန် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်နှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများကို ထုတ်ဖော်ခဲ့သည်။ သစ္စာဖောက်မှုအဓိပ္ပါယ်ဖွင့်ဆိုချက်နှင့်ပတ်သက်၍ သစ္စာဖောက်မှုဟူသည် အဘယ်နည်း ဆိုသည့် ရှင်းလင်းပြီး တူညီသောနားလည်မှုမရှိပါက ဥပဒေသည် လက်တွေ့တွင် ပြဿနာများဖြစ်ပေါ်စေနိုင်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

တရားရေးဝန်ကြီးရစ်က နိုင်ငံသားအဖြစ်ရုပ်သိမ်းခြင်း၏အခြေအနေများ၊ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ "သစ္စာဖောက်မှု" ဟု သတ်မှတ်သည့်လုပ်ဆောင်မှုများကို ဥပဒေဖြင့် အဓိပ္ပာယ်ဖွင့်ဆိုသွားမည်ဟု ပြောကြားခဲ့သည်။

လူမှုဖွံ့ဖြိုးရေးသုတေသီ Meas Ny က ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်သည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကျင့်သုံးမှုကို အပျက်သဘောသက်ရောက်စေနိုင်ကြောင်း ပြောဆိုခဲ့သည်။

အဆိုပါကိစ္စများနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ် Hun Manet က ဇူလိုင်လ ၃ ရက်နေ့တွင် အထက်လွှတ်တော်ဥက္ကဋ္ဌ ဟွန်ဆန်၏ နိုင်ငံသားအဖြစ်ရုပ်သိမ်းရန် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်အား တောင်းဆိုမှုသည် ကမ္ဘောဒီးယားနိုင်ငံအား ပုန်ကန်ရန်ကြံစည်သည်ဟု စွပ်စွဲခံရသူများကို အထူးပစ်မှတ်ထားသည်ဟု ရှင်းလင်းပြောကြားခဲ့ပြီး ပြောင်းလဲမှုများသည် အခြားသူများကိုမထိခိုက်ကြောင်း နိုင်ငံသားများအားစိတ်ချစေရန် အာမခံကြောင်း ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံဥပဒေရေးရာဌာနခွဲ<br>
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>
ဥပဒေရေးရာဝန်ကြီးဌာန

ကိုကားချက်

https://kiripost.com/stories/national -assembly-approves-constitution-amendments-to-revoke citizenship

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

